 

မြန်မာသက္ကရာဇ် ၁၃၇၇ ခု၊ တန်ဆောင်မုန်းလဆန်း (၉)ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၂၀)ရက် နံနက် (၉ း ၃၀) အချိန်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ အဋ္ဌမအကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းကြပါသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ ဘုရားကြီးကျောင်းတိုက်နှင့် ရတနာဘုမ္မိသာရ ကျောင်းတိုက်များမှ သံဃာတော်(၁၁)ပါးတို့အား အဋ္ဌမအကြိမ်မြောက် ကထိန်သင်္ကန်းနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်း စုစုပေါင်း တန်ဖိုးကျပ် ၇,၄၂၆,၆၅၀/- ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပါသည်။

ထို့နောက် ဗုဒ္ဓဘာသနံ့စိရံတိဋ္ဌတု ဆုတောင်းဂါထာ(၃)ကြိမ် ရွတ်ဆို၍ အခမ်းအနားကို နံနက် (၁၁း၀၀) အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား ဒုတိယစာရင်းစစ်ချုပ်နှင့် ဝန်ထမ်းများက နေ့ဆွမ်းဆက်လက်လှူဒါန်းကြပါသည်။